



ကိုယ်တိုင်တိုက် ကိုယ်တိုင်ရေး တိုက်ပွဲဝင်တပ်မှူးတစ်ဦး

# ဒုဗိုလ်မှူးကြီး ညီပု(ငြိမ်း)

သူရဲကောင်းမှတ်တမ်းဝင်နှစ်ထပ်ကွမ်း

## တပ်မတော်သားဘဝကြုံတွေ့ခဲ့ရသည့်
## ထူးခြားဆန်းကြယ် သည်းထိတ်ရင်ဖို မမေ့နိုင်စရာဖြစ်ရပ်များ



# သောင်းဝေဦး၏ အမှာ စာ

ဘွဲ့ရပြီး ကျောင်းဆရာလုပ်နေစဉ် ဗိုလ်သင်တန်းခေါ်၍ မအူမလည်နှင့် သွားလျှောက်လိုက်မိသည် ။ အောင်သွား၏။ လူက ခယိုးခရိုင်နှင့် ရောဂါသည် ဆေးစစ်တော့ ပေါင် မပြည့်။ ၁၀၀ ရှိရမှာ ၉၀ သာ ရှိ၏။ ငှက်ပျောသီးစား ရေသောက်ပြီး ၁၀၀ မပြည့်တပြည့်နှင့် ဗိုလ်လောင်းဖြစ်လာ၏။

အချိန်က ၁၉၉၆ ခုနှစ်၊ ဧပြီလ။

နေက ချစ်ချစ်တောက်ပူနေ၏။

တစ်သက်လုံး ပင်ပင်ပန်းပန်း ဘာမှ မလုပ်ခဲ့ဖူးသည့် လူဗလံလေး ကျွန်တော်သည် အလွန်ပြင်းထန်သည့် စစ်လေ့ကျင့်ခန်းများကို တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း မှော်ဘီ၌ နဖူးတွေ့ ဒူးတွေ့တွေ့ရ၏။

အံကြိတ်ခါ သင်တန်းများကို ရင်ဆိုင်ခဲ့ရသည် ။

ပထမ သုံးလေးလမှာ တော့ အယောင်ယောင် အမှားမှား အလွဲလွဲ အချော်ချော်ဖြင့် သင်တန်းသား ၁၆၂ ယောက်တွင် နောက်ဆုံးကနေပြီး လိုက်ခဲ့ရ၏။ P.T တွေ ကလည်း အတော် ပြင်းထန်ပါသည် ။ S.R.P,L.R.P များ တွင် ပေါင် ၅၀/၆၀ လေးသည့် ကျောပိုးအိတ်များ နှင့် စစ်ထွက်ဝတ်စုံပြည့်ဝတ်ကာ ပထမ ၅ မိုင် နောက် ၁၀ မိုင် နောက်တော့ မိုင်အစိတ်

။ နောက် မိုင် သုံးလေးဆယ် ချီတက်ခဲ့၏။ ကျွန်တော်သည် ကြံ့ခိုင်ရေးမပြည့်ဝသော ဂီလာနလေးဖြစ်၍ ဗိုလ်သင်တန်း၌ Fit ဖြစ်အောင် အထူးကြိုးစားခဲ့ရ၏။

အခုန်အပျံ

အပြေးအလွှား

ဘက်ပေါင်းစုံပါသည် ။

ကျွန်တော်ကသာ ချူချာနေသူ၊ ဂီလာန။ ကျွန်တော်တို့ အပတ်စဉ်တွင် အားကစားထူးချွန်သည့် Superman များ အများကြီးပါလာ၏။

မောင်ဗမာ

မောင်တက္ကသိုလ် စသည့် လူသန်ကြီး လေးငါးဆယ်ဦး။

တိုင်းနဲ့ ပြည်နယ်အဆင့် ဘော်လီဘောသမား သုံးလေးဦး။

တိုင်းနဲ့ ပြည်နယ်အဆင့် ဘောလုံးသမား သုံးလေးဦး။

တိုင်းနဲ့ ပြည်နယ်အဆင့် ကြက်တောင်သမား သုံးလေးဦး။

တိုင်းနဲ့ ပြည်နယ်အဆင့် မာရသွန် Runner အပြေးသမား သုံးလေးငါးဦး စသူတို့ ဖြစ်၏။

ကျွန်တော်သည် ဗိုလ်သင်တန်းတွင် တာတိုအပြေးသမားနှင့် အပြေးစခဲ့၏။ နောက်တော့ မီတာ ၅၀၀၀/၁၀၀၀၀ များ တွင် ဝင်ပြေးသည် ။

ထိုအခါ တာဝေးအပြေးသမား ဗိုလ်လောင်းညီပုနှင့် စသိသည် ။ သူက တပ်စု (၃) မှ ကျွန်တော်က တပ်စု (၁) က ဆိုတော့ သိပ်မရင်းနှီး။ တာဝေးပြေးမှ ခင်သွားသည် ။ သို့ရာတွင် ကိုညီပုက စကားနည်းသည် ။ လူက ဖြူဖြူချောချော၊ အရပ်မြင့်မြင့်။ သူလည်း တပ်ထဲကို ကျောင်းဆ

ရာဘ၀မှ ခ၀ါချကာ ၀င်လာသူ ဖြစ်၏ ၏။ ဗသက (၃၆) တွင် တာဝေး မီတာ ၅၀၀၀ နှင့် ၁၀၀၀၀ တွင် သူနှင့် ရင်မောင်(ရှမ်း) တို့ ဗိုလ်စွဲ၏။ တပ်နယ်လက်ရွေးစင်များ ဖြစ်ကြ၏။

ဗိုလ်သင်တန်းဆင်းတော့ ကျွန်တော်က ကရင်ပြည်နယ် ရောက်သွားသည် ။ သူက ရခိုင်ပြည်နယ် ရောက်သွားသည် ။

တကွဲတပြားစီဖြစ်သွားကြ၏။

ကိုညီပုက ရခိုင်လူမျိုး ကျောက်ဖြူသား ကျောင်းဆင်းတော့ သူ့ဇာတိ ကျောက်ဖြူက ခလရ (၄၈) သို့ ရောက်သွား၏။

"ဟ ... ဒီကောင် ကိုယ့်မြို့ကိုယ် ပြန်ကျအောင် အကြံအဖန် လုပ်တယ်ထင်တယ်"

ဟု မသိသူတွေက ဆိုကြ၏။

ဗိုလ်သင်တန်း Posting များမှာ အကြံအဖန် လုပ်၍ မရပါခင်ဗျာ။

Best Cadet နဲ့ Last Cadet အတွဲမှ သည် အားလုံး B.C နံပါတ်များ အရ အမြီးခေါင်း ပြန်တွဲလိုက်ခြင်းသာ ဖြစ်ပါ၏။ ကိုယ့်မြို့ကိုယ်ပြန်ကျတာတော့ ကံတရားပါပဲ။

ကိုညီပုနဲ့ ကျွန်တော်တို့ ကျောင်းဆင်းကတည်းက ကွဲသွားကြတာ ၁၉၉၆ ခုနှစ် ကျွန်တော် နယ်ဘက်ရောက်မှ ပြန်တွေ့ကြ၏။ နှစ်စဉ် Annual Gathering မှာ ဖြစ်၏။ သူလည်း နယ်ဘက်ရောက်နေပြီး လ၀က ညွှန်ချုပ်ဖြစ်နေပြီ။ Gathering တွေမှာ လည်း လူပေါင်းစုံဖြစ်၍ သူနှင့် စကားရှည်ရှည် မပြောဖြစ်ခဲ့ပါ။

၂၀၀၃/၂၀၀၄ ခုနှစ်တွင် သူရော ကျွန်တော်ပါ အငြိမ်းစားယူဖြစ်ကြသည် ။

အငြိမ်းစားဘဝ၌ ကျွန်တော်က စာတွေ တရစပ်ရေးသည် ။

သူလည်း မမျှော်လင့်ဘဲ စာရေးသူ ဖြစ်လာ၏။

ဗိုလ်မှူးကြီး စိန်ဝင်းအောင်နှင့် ဗိုလ်မှူးကြီး မောင်မောင်သန်းတို့ ဦးစီးထုတ်ဝေသည့် ကိုယ်တိုင်တိုက် ကိုယ်တိုင်ရေး စာအုပ်များ တွင် သူ၏ ဖြစ်ရပ်မှန်စစ်မှတ်တမ်းများကို အဆက်မပြတ် တွေ့လာရ၏။

ယခုအခါ ခြောက်အုပ်ရှိသွားလေပြီ။

ဗိုလ်မှူးကြီးညီပုကား စားရေးကောင်းသူ ဖြစ်၏။

သူ့စာတွေက လျှို့ဝှက်ဆန်းကြယ်၏ Excited ဖြစ်၏။ ဆွဲဆောင်မှုရှိ၏။

သူ့ကိုယ်သူ စာမရေးတတ်သူဟု ထင်ခဲ့သော်လည်း ရေးရင်း ရေးရင်း အဆင်ပြေလာသဖြင့် သူ့ Biography နှင့် သူ၏ Adventure များ ၊ ဖြစ်ရပ်မှန်စွန့်စားခန်းများ ။ လျှို့ဝှက်သည်းဖိုများ ၊ ရင်သိမ့်တုန်များကို စာအုပ်ကြီးတစ်အုပ် သူရေးတော့၏။

မနေ့တစ်နေ့က ဗသက (၃၆) ရွှေရတုမင်္ဂလာဇင်းအစည်းအဝေး၌ သူနှင့် တွေ့ရာ ထိုစာအုပ်ကြီးကို ကျွန်တော့်ထိုးပေးကာ ....

"ကဲ ... သူငယ်ချင်း ... ကိုယ့် ဒါထုတ်ပေးဟု ဆိုလာ၏ "

ကျွန်တော့် လျှို့ဝှက်ဆန်းကြွယ် ၆၊ ၇ တို့ တွင် သူ့ဝတ္ထုတွေကို ယူသုံးခဲ့ဖူးရာ သူ့လက်ရာကို ကျွန်တော် သိပါသည် ။

ထို့ကြောင့် ထုတ်ပေးမည်ဟု ဝန်ခံကတိပြုလိုက်၏။

သူ့စာတွေကို ဖတ်ကြည့်မိ၏။

သူ့စာများ တွင် သူ၏ ရိုးသားကြိုးစားမှုများကို အထင်းသားတွေ့ရ၏

။

နိုင်ငံတော်အကြီးအကဲများ နှင့် သူ ရင်ဆိုင်ခဲ့ရပုံကို ဖတ်ရင်း ဖတ်ရင်း တထိတ်ထိတ် ဖြစ်မိ၏။

သူ့စာအားလုံး ဖတ်ပြီးမှ အသက်ရှူမှန်သွား၏။

သူ၏ နိုင်ငံခြားခရီးစဉ်တွင် CIA များ နှင့်အတူ နေခဲ့ရစဉ်က အဖြစ်အပျက်များကလည်း မှတ်သားစရာများ ပါ၏။ မှတ်ထိုက်၏။ ဖတ်ကောင်းသော Auto biography တစ်ခုဖြစ်ကြောင်း ကျွန်တော် အာမခံပါသည် ။ ဗဟု သုတများ သာမက ဘဝသင်ခန်းစာများ ပါ ရသည် ။

စာရှုသူများ ခင်ဗျာ ... ကျွန်တော် အာမခံတာ ဟုတ် မဟုတ် သူ့စာအုပ်အား ဖတ်ရှုကြည့်ကြပါရန် မေတ္တာရပ်ခံတိုက်တွန်းအပ်ပါသည် ခင်ဗျား။

**ရွှင်လန်းချမ်းမြေ့ကြပါစေ**
**သောင်းဝေဦး**
**၂၀-၉-၂၀၁၆**

# ဒေါ်မြင့်မြင့်သိန်း (B.Ed) ၏ ဂုဏ်ပြုအမှာ စာ

ကျွန်မသည် အထက်တန်းပြ ဆရာမ (ငြိမ်း) တစ်ဦး ဖြစ်ပါသည် ။ စာပေနှင့် မကင်းနိုင်သူဖြစ်၍ စာပေဗဟု သုတ ရသစုံနှင့် ထိတွေ့ရင်းနှီး ခွင့် ရခဲ့ပါသည် ။ ၁၉၉၆ ခုနှစ်တွင် ဆေးပင်စင်ယူခဲ့ပြီးနောက် ဘာသာ ရေးစာအုပ်များကို ပို၍ ဖတ်ရှုလေ့လာနိုင်ခဲ့ပါသည် ။ ရိပ်သာများ ဝင်၍ တရားအားထုတ်ခွင့်လည်း ရခဲ့ပါသည် ။ မိမိသိရှိလေ့လာမှုများ အား ထုတ်၍ ရလာသည့် ဓမ္မရသ အကျိုးတရားများကို သားသမီးများ နှင့် တ ပည့်သားမြေးများအား မျှဝေဟောပြောလေ့ရှိသည် ။ စိတ်ဝင်စားမှုရှိကြ သော ကလေးများက ဘာသာရေးစာအုပ် ရေးသားရန် တိုးတွန်းအား ပေးမှုကြောင့် ၂၀၀၂ ခုနှစ်တွင် "ဗုဒ္ဓဘာသာအသိဖြင့် ဘဝတန်ဖိုး ရှိစေချင်သည် "၊ ၂၀၀၄ ခုနှစ်တွင် "နှလုံးစိတ်ဝမ်း အေးချမ်းစေချင်သည် "၊ ၂၀၀၇ ခုနှစ်တွင် "စိတ်ထားတတ်မှ ဘဝမြတ်မည်"၊ ၂၀၁၀ ခုနှစ်တွင် "ဘေးရန်ကင်းကွာချမ်းသာစေဖို့ " အမည်ရှိသော စာအုပ်များကို ဒေါ်မြ င့်မြင့်သိန်း (B.Ed) ကလောင်အမည်နှင့် ရေးသားထုတ်ဝေခဲ့ပါသည် ။ တ ပည့် သားမြေးများ နှင့် ဆွေမျိုးမိတ်ဆွေများအား ဓမ္မလက်ဆောင်အဖြစ် မျှဝေလှူဒါန်းခဲ့ပါသည် ။ ယခု ကျေးဇူးရှင် ခင်ပွန်းဖြစ်သူအတွက် ဤစာ အုပ်တွင် ဂုဏ်ပြုအမှာ စာနှင့် ကျေးဇူးဆပ်ခွင့်ရ၍ အထူးပင်ဝမ်းမြောက် ကျေနပ်မိပါသည် ။

စာရေးသူ ဗိုလ်ကြီးညီပု (ငြိမ်း) သည် ငယ်စဉ်ကပင် ပန်းချီကိုလည်း

ဝါသနာပါခဲ့သည် ။ တောတောင်၊ ရေမြေ၊ သဘာဝရှုခင်း ပန်းချီပုံများ ရေးဆွဲခြင်းကို ပိုပြီး နှစ်သက်ကြောင်း တွေ့ရပါသည် ။ သူဝါသနာအပါဆုံးမှာ လျှပ်စစ်နှင့် Electronic ပညာရပ် ဖြစ်ပါသည် ။ ကျောင်းသားဘဝ စာတွေ့၊ လက်တွေ့ လေ့ လာပြီး စမ်းသပ်တီထွင် ပြုပြင်ခြင်းကို ပြုလုပ်ခဲ့ပါသည် ။ ယခု အငြိမ်းစားဘဝ အသက်အရွယ်ရလာမှ မမျှော်လင့်ဘဲ စာရေးသူတစ်ဦး ဖြစ်လာခဲ့ပါသည် ။

၂၀၁၂ ခုနှစ် စက်တင်ဘာလ တစ်နေ့သော နံနက်ခင်းတွင် ဗိုလ်မှူးကြီး မောင်မောင်သန်း (ရဲမှူးချုပ်(ငြိမ်း)) မှ ကျွန်မ၏ ခင်ပွန်းထံသို့ "သူငယ်ချင်းကိုညီပု ကျွန်တော့်တို့ ထုတ်ဝေမယ့် ကိုယ်တိုင်တိုက်၊ ကိုယ်တိုင်ရေးစာအုပ်မှာ ခင်ဗျားတိုက်ခဲ့တဲ့ တိုက်ပွဲတွေကို ခင်ဗျားကိုယ်တိုင် ပါဝင်ရေးပေးဖို့ ပြောချင်တယ်ဗျာ" ဟု ဖုန်းဆက်လာပါသည် ။ စက်ပြင်ဆရာ ကိုညီပုသည် စာရေးဆရာလုပ်ရမည်ဆို၍ အတော်လေး တုန်လှုပ်သွားသည့် အမူအရာနှင့် ကျွန်မအား အကျိုးအကြောင်း လာပြောပြပါသည် ။ ကျွန်မက "အစ်ကို ဘာလို့ စိုးရိမ်နေတာလဲ၊ ကိုယ်ကိုယ်တိုင် ပါဝင်တိုက်ခဲ့တဲ့ တိုက်ပွဲအတွေ့အကြုံတွေပဲ ကိုယ်မှတ်မိသလောက် ကိုယ့်အသိ၊ ကိုယ့်ခံစားချက်တွေနဲ့ ရေးရင် ဖြစ်ပါတယ်၊ ရဲရဲကြီးသာရေးဖို့ ဆုံးဖြတ်လိုက်ပါ၊ ကျွန်မလည်း တတ်နိုင်တဲ့ ဘက်က ကူညီပေးမှာ ပေါ့" ဟု ဆိုပြီး ရဲဆေးတင်အားပေးလိုက်ပါသည် ။ ထို့ကြောင့် "ကိုယ်တိုင်တိုက်၊ ကိုယ်တိုင်ရေး" အတွဲ(၁)၊ အတွဲ(၂)၊ အတွဲ(၃) စာအုပ်သုံးအုပ်ကို တိုက်ပွဲဝင်သူငယ်ချင်း တပ်မှူးများ နှင့်အတူ အောင်မြင်စွာ ပါဝင်ရေးသားနိုင်ခဲ့ပါသည် ။ အငြိမ်းစားဘဝ အသက်အရွယ်ရပြီးမှ စာရေးသူဖြစ်လာသည့်အတွက် သူကိုယ်တိုင် ဝမ်းသာမိသလို မိသားစုအားလုံးကလည်း ဝမ်းမြောက်ဂုဏ်ယူမိကြပါသည် ။

တိုက်ပွဲအတွေ့အကြုံများ ရေးပြီးနောက် စာရေးသူသည် စာရေးသ

ည့် အတွေ့အကြုံရလာ၍ မိမိကိုယ်မိမိ ယုံကြည့်မှုရှိလာပါတော့သည် ။ ထို့ကြောင့် သူ တပ်မတော်သားဘဝ ကြုံတွေ့ရင်ဆိုင်ခဲ့ရသည့် ထူးခြားဆန်းကြယ် မမေ့နိုင်စရာဖြစ်ရပ်များကို သူ့ဘဝသမိုင်း၏ ဖြစ်ရပ်မှန် တစ်ခုအနေနှင့် စာဖတ်သူများအား မျှဝေခံစား သိရှိစေလို၍ တစ်ကြောင်း နောင်လာနောင်သား သားသမီးမြေးများ အတွက် မှတ်တမ်းမှတ်ရာအဖြစ် ချန်ထားခဲ့ချင်၍ တစ်ကြောင်း ဤစာအုပ်ကို ရေးသားခဲ့ရခြင်း ဖြစ်ပါသည် ။

ယခုစာအုပ်တွင် ရှေ့တန်းစစ်မြေပြင် တောတွင်းအတွေ့အကြုံဖြစ်စဉ်များ တပ်ရင်းတပ်ဖွဲ့များ ၌ ကြုံခဲ့ရပုံများ နိုင်ငံခြားခရီးစဉ် အတွေ့အကြုံများ နှင့် နယ်ဘက်၌ာနေ၍ ထိတွေ့ခံစားခဲ့ရသော အကြောင်း အရာများ ၊ ရသစုံစုံလင်လင် ပါဝင်နေသောကြောင့် စာဖတ်သူများ နှစ်သက်နိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည် ။ ဖြစ်စဉ်ဖြစ်ရပ်များမှာ လုပ်ကြံဖန်တီးမှု၊ စိတ်ကူးယဉ် တွေးတောမှုမပါဘဲ အရှိကိုအရှိတိုင်း ရိုးရှင်းစွာ ဖော်ထုတ်ရေးသားထားသော ဖြစ်ရပ်မှန်များ သာ ဖြစ်ပါသည် ။

သို့ဖြစ်၍ မိသားစုအပေါ် မေတ္တာတရားကြီးမားသူ၊ စေတနာဝါသနာ အနစ်နာခံ၍ သူတစ်ပါးကို ကူညီတတ်သူ၊ သူရဲကောင်းမှတ်တမ်းဝင် (နှစ်ကြိမ်) ရရှိခဲ့သူ ကျွန်မ၏ ခင်ပွန်း စာရေးသူဗိုလ်မှူးကြီးညီပု (ငြိမ်း) အတွက် မိသားစုအားလုံး၏ ကိုယ်စား ဤ အမှာ စာနှင့် ဂုဏ်ပြုလိုက်ပါသည် ။

**ဒေါ်မြင့်မြင့်သိန်း (B.Ed)**